
နေနှယ်ဇင်ဖြင့်
မိုးခိုးရောင်အိပ်မက်

# (၁)

“ ချမ်းတယ် သူဌေးမင်းရေ … ချမ်းတယ်ဟ၊ ဒီ အဲကွန်း (Air Con) လေး ဘာလေးလဲ ပိတ်တော်မူပါဦး ”

သူများကို ပိတ်တော်မူပါဦး … ဟု ပြောလိုက်ပေမယ့်၊ “ ကျော်ဦးသိုက် ” က ကိုယ့်ဘာသာပဲ ပိတ်လိုက်ဖြစ်သည် ။ သူက စိတ်မြန်လက်မြန် ရှိ၏။ သူ၏ ချစ်လှစွာသော သူငယ်ချင်းကြီးကဖြင့် စိုးစိအီးရောမို့ အလွန်ချစ်သော သူငယ်ချင်းနှစ်ဦးမှာ ချစ်ခင် စည်းရုံးနေချိန်ထက် ငြင်းခုန်သတ်ပုတ် နေရချိန်တို့ သာ များ တော့၏။

“ သူဌေးမင်း ” … ဟု အခေါ်ခံရသော “ မင်းနေဝန်း ” က တကယ်လည်း သူဌေးမင်း ဖြစ်၏။ လူ … ဆိုသော သတ္တဝါသည် လူ့လောကသို့ “ ကံ ” နှင့်အတူ ယှဉ်၍ ရောက်မြဲမို့လား မပြောတတ်ပါ။ လူလူချင်း … တူတူအသက်ရှူကြပေမယ့် အခြေအနေ အဆင့်အတန်းက ကွာခြား တတ်၏။ တချို့က ချမ်းသာ၊ တချို့က ဆင်းရဲ။ ချမ်းသာသူတွေမှာ ၊ ခပ်ဆင်းဆင်းရဲရဲနှင့် ကြီးပြင်းရန်းကန်ခဲ့ရပြီးမှ တစ်ရှိန်ထိုး၊ နေ့ချင်းညချင်း သူဌေးဖြစ်သွားကြသူတွေ ရှိသည် ။ တချို့ကျတော့ မိဘလက်ထက်မှာ တော်တော်ကလေး ကြွယ်ဝခဲ့ပါလျက် ကိုယ့်လက်ထက်ရောက်၊ ကိုယ်လူလားမြောက်၍ သုံးတတ် စွဲတတ် အရွယ်ရောက်မှ နိမ့်ဆင်းလျှောကျကြရတာမျိုး ရှိတတ် သည် ။

မင်းနေဝန်းရော ကျော်ဦးသိုက်ပါ အဲသည် အမျိုးအစား နှစ်ခုတွင် မ

ပါဝင်ပြန်ချေ။ မင်းနေဝန်းတို့ က ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့သလား ... မေးယူရလောက်အောင် ဘိုးစဉ် ဘောင်ဆက်၊ ဆွေမျိုးတစ်လျှောက် လုံး၊ ငွေဇွန်းကိုက်၍ မွေးဖွားခဲ့သူတွေ ဖြစ်သည် ။ တစ်ဘဝလုံး ပန်းမွေ့ ရာ ရွှေကော်ဇောပေါ်မှာ သာ လျှောက်လှမ်းကြရသူတွေ ဖြစ်သည် ။

ကျော်ဦးသိုက်ကျတော့ ... ချမ်းသာသလား ဆိုတော့လည်း သူဌေးစာ ရင်းထဲ မပါ။ ဆင်းရဲသလား ဆိုတော့လည်း လူမွဲစာရင်းထဲ မပါ။ မွေးက တည်းက စားနိုင်သောက်နိုင်ရုံ၊ လူလတ်တန်းစားဟာ၊ ခုထိ လူလတ်တ န်းစား။

" သိန်းသုံးရာကြီး ပတ်လည်ဝင်ရိုက်မှ ငါသူဌေးဖြစ်တော့မှာ ပဲ " ... ဟု ပြောလေ့ရှိ၏။

" မဟုတ်ရင်တော့ ... သေသည့်တိုင် ဒီစီးပွားရေးက မြင့်တက်လာစ ရာ အကြောင်းမရှိဘူး " ... ဟု လည်း ညည်းညူတတ်ရှာ၏။ လူလတ်တ န်းစားမှာ မွေးဖွားခဲ့၊ လူလတ်တန်းစား အနေအထားမှာ ကြီးပြင်း၊ လူလ တ်တန်းစား ဘဝနှင့်ပင် နိဂုံးချုပ်ရမည့်သူဟု ကိုယ့်ကိုယ်ကိုယ်ယုံကြည် နေသူ ဖြစ်တော့သည် ။

" သိန်းသုံးရာကြီး ပတ်လည်ရိုက်တယ် ဆိုတာ ဘာလဲ "

ခုချိန်ထိ ... တရားမဝင်ထီဆိုလျှင် ဝေလာဝေး၊ တရားဝင်ထီလည်း တစ်ကြိမ်မျှ မထိုးဖူး သေးသော မင်းနေဝန်းက တကယ်နားမလည်၍ မေးဖူး၏။

" သိဘူး ... ကြားဖူးတာ ပြောကြည့်တာ၊ အများကြီးရမယ် ထင်တာ ပဲ "

စင်စစ် ... ကျော်ဦးသိုက်သည် လည်း ထီကို သေသေချာချာ ထိုးဖူးသူ

မဟုတ်ပါ။ အဲသည် သူငယ်ချင်းနှစ်ယောက်က အလုပ်တူတူ လုပ်နေကြသည် ။ စီးပွားဖက်ဟု မင်းနေဝန်းက ပြောလေ့ ရှိပေမယ့်၊ တကယ်တမ်းမှာ ... မင်းနေဝန်း ပိုက်ဆံပေါတိုင်း ချဲ့ထွင်ထားသမျှ လုပ်ငန်းပေါင်းစုံကုမ္ပဏီပေါင်းစုံ၏ အထွေထွေမန်နေဂျာဟု ခေါ်ရမလား မသိ၊ ကိုယ့်ရာထူးကိုယ် မပြောတတ်ဘဲ၊ ရှိသမျှအလုပ် ကျုံးလုပ်၊ မင်းနေဝန်း သိသမျှအကုန်လိုက်သိရ၊ မင်းနေဝန်းထက် ပိုသိရသေး ... ဟူသော လခစား တစ်မျိုးတည်း။

ဆောင်းနံနက်ခင်းက တကယ်ပဲ ချမ်းစိမ့်စိမ့် ရှိလှပါသည် ။ နံနက်ကိုးနာရီမှာ နေကို မမြင်ရချင်သေးပါ။

“ ချမ်းတယ်နော် ”

“ချမ်းတဲ့ သူကလဲ တီရှပ်ကလေးနဲ့ ၊ အနွေးထည်လေး၊ ရှပ်အင်္ကျီလက်ရှည်လေးနဲ့ လာပါလား”

မင်းနေဝန်း၏ အလုပ်ရုံးခန်းထဲသို့ ရောက်လာသည့် ကျော်ဦးသိုက်က အဲကွန်းကို သွားပိတ်လိုက်ပြီးနောက်၊ ပြတင်းပေါက်တွေ လျှောက်ဖွင့်နေပြန်သည် ။

“ ဟော့ကောင် ... ချမ်းတယ်လဲ ဆိုသေး ”

“ ချမ်းပေမယ့် ... လေလုံနေတော့လဲ အသက်ရှူမဝဘူးကွ ”

“ တစ်မျိုးကြီးပဲ ”

“ ဘယ်ကမလဲ၊ ဆယ့်နှစ်မျိုးလောက် ရှိတယ်၊ ချင်းသုပ်ဖြစ်သွားမှာစိုးလို့ မြဲထားတာ ”

“ ဘာတွေလဲ ”

“ သိဘူး ”

“ ခွေးကောင် ”

“ မင်းသူငယ်ချင်းလေ ”

သိပ်ရယ်စရာ မဟုတ်ပါဘဲ၊ သူတို့ နှစ်ယောက် ရယ်မောလိုက်ကြသည် ။ ကျော်ဦးသိုက်က လူပျော် ဖြစ်၏။ မင်းနေဝန်းသည် ကျော်ဦးသိုက်ကြောင့်သာလျှင် ရယ်မောဖြစ်ရသည် ။ ကိုယ့်ဘာသာ ဆိုရယ်မောခဲဘိခြင်းထဲက ဖြစ်၏။ သူက အေးဆေးသည် ၊ နှေးကွေးသည် ။ အမှားအယွင်းတော့ နည်း၏။ ကျော်ဦးသိုက်က စိတ်မြန်သည် ။ ဆုံးဖြတ်ချက် မှန်သည် ။ လူပျော်ပေမယ့် စိတ်တို လွယ်သည် ။

“ မင်း … မန္တလေးကို ဘယ်တော့ တက်မလဲ ”

“ အဲဒါ … ပြောမလို့ ၊ မင်း မင်္ဂလာဆောင်က ဘယ်တော့လဲ ”

“ မေးပြန်ပြီ။ တစ်ရာ့တစ်ကြိမ်မြောက် ပြောပြီးပြီ။ မှတ်ထားပါလား ”

ကျော်ဦးသိုက်က သတို့ သားလောင်း ဖြစ်၏။

မင်းနေဝန်းနှင့် ကျော်ဦးသိုက်တို့ သူငယ်ချင်း ဖြစ်ကြရတာ၊ စီးပွားရေးတက္ကသိုလ်မှာ အတန်းတူ တက်ဖြစ်တော့မှ ဖြစ်သည် ။ ရှေးရေစက်ဟု ဆိုနိုင်ပါသည် ။ သူငယ်တန်းမှ စ၍ တစ်ကျောင်းတည်းနေ တစ်တန်းတည်းတက်များ နှင့် မခြား ခင်မင်ကြတော့၏။

“ ငါက မင်းကို ချောဆွဲချင်လို့ ”

“ ဘာလုပ်ဦးမလို့ လဲ ”

“ လန်ဒန် သွားမှာ ”

" အဲဒါက ရှေ့လကျမှ မဟုတ်ဘူး လား "

မင်းနေဝန်းမှာ Bussiness Passport လုပ်ငန်းနှင့် ပတ်သက်သော နိုင်ငံကူးလက်မှတ် ရှိနေသည် ။ မင်းနေဝန်း၏ များ ပြားလှစွာသော လုပ်ငန်းတွေထဲမှာ လန်ဒန်မြို့မှ အလှကုန် ကုမ္ပဏီ တစ်ခု၏ အလှကုန်အားလုံးကို၊ မင်းနေဝန်းက မြန်မာနိုင်ငံတွင်းသို့ တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ သွင်းခြင်း ဖြစ်၏။ အလှမ်းကျယ်ချင်သော မင်းနေဝန်းက ထိုကုမ္ပဏီမှ အလှကုန် တစ်မျိုး နှစ်မျိုးကို၊ မြန်မာပြည်မှာ ပဲ လက်ဝေခံသဘော စက်ရုံတည် ထုတ်လုပ်ရောင်းချချင်၏။ ထိုကုမ္ပဏီမှာ ဖော်မြူလာအတိုင်း၊ ထိုနိုင်ငံမှ ပင် လိုအပ်သောကုန်ကြမ်းပစ္စည်း ပြန်သွင်းပြီး၊ ထိုကမ္ပဏီနာမည် ကိုပင် သုံးစွဲလျက် မြန်မာနိုင်ငံမှ ထုတ်လုပ်သည် ... ဆိုတာမျိုး လုပ်ခွင့်ရချင်၏။ ထိုကိစ္စအတွက် မင်းနေဝန်းက ထိုကုမ္ပဏီသို့ ခွင့်ပြုရန်နှင့် ခွင့်ပြုပါက အကျိုးအမြတ်ကို ခွဲဝေပေးရမည်ဆိုသည့် ကိစ္စများ သွားရောက်ဆွေးနွေးရန် ရှိသည် ။

" ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ စောသွားမလားလို့ ၊ စောပြီးသွားလိုက်ရင်၊ မန္တလေး သွားရမယ့်ရက်နဲ့ လာငြိနေတယ် "

" ဟော့ကောင် ... ငါက ခုချိန်မှာ အလွန်ကျက်သရေရှိသော သတို့သားလောင်း ဖြစ်နေတယ်"

" အဲဒါ ဘာဖြစ်လဲ "

" သတို့ သားလောင်းကို ပဦင်းလောင်းတို့ ကိုရင်လောင်းတို့ ဆိုတာ ခပ်ငြိမ်ငြိမ် နေရတယ်၊ ဟိုဟိုဒီဒီ လျှောက်ပြီး ဆတ်ဆော့နေရတာ မဟုတ်ဘူး ကွ "

ကျော်ဦးသိုက်က၊ တီရှပ်ဝတ်ထားပါလျက်၊ မရှိသော ကော်လာစကို ဆွဲဆန့်သည့်ပုံ လုပ်လျက် ရယ်၏။ သက်တူရွယ်တူ သူငယ်ချင်းများမှာ

သူကစ၍ အိမ်ထောင်ကျသူအဖြစ်၊ မင်းနေဝန်းကို ခပ်နှိမ်နှိမ် အမြဲပြော သည် ။

“ မင်္ဂလာဆောင် မီပါတယ်ကွာ ”

“ မီတော့ မီတာပေါ့၊ မင်္ဂလာမဆောင်ခင်၊ သတို့ သားက တစ်ပတ် လောက်မှ ကြိုမရောက်ရင် မိန်းကလေးဘက်က စိတ်ပူမှာ ပေါ့ ”

“ အဲဒီ တစ်ပတ်လည်း မီပါတယ်၊ မင်း ... မန္တလေးကိုသွား၊ ဟိုမှာ တစ်ရက်ပဲနေ၊ ကိုယ့်ကားနဲ့ ကိုယ် မောင်းချသွားမှာ ပဲဟာ ... ပြန်မောင်းလာခဲ့၊ ရန်ကုန်မှာ တစ်ရက်နေပြီးမှ မင်း ... မြို့ပြန်ရင်တော င်၊ မင်္ဂလာဆောင်ကို ရှစ်ရက်တိတိ စောရောက်ပါတယ် ”

“ကြည့်စမ်း ... ရက်ကို အတိအကျ တွက်ထားတယ်၊ သိရဲ့ သားနဲ့ တောင်၊ မင်း မင်္ဂလာဆောင် ဘယ်နေ့လဲ မေးနေရသေးတယ် ”

“ မင်းက တစ်ရာ့တစ်ကြိမ်မြောက် ကြွားထားတော့ မမှတ်မိချင်လို့ လဲ မရတော့ဘူး ”

“ မသွားချင်ဘူးကွာ ”

“ သွားချင်ပါ ဦးသိုက်ရာ ”

“ ဦးသိုက် ခေါ်ရင် ပိုလို့ တောင် မသွားသေး ”

“ မင်းကျတော့လဲ ငါ့ကို နေဝန်း ခေါ်တာပဲ၊ နောက်ဖက်နှစ်လုံးလေ ”

“ ကျော်ဦးလို့ ခေါ် ”

“ နောက်ဖက်နှစ်လုံးခေါ်ကြေး မဟုတ်ဘူး လား ”

“ ခေါ်ချင်ရာခေါ်၊ မသွားဘူး ”

“ ငြင်းချင်သလိုငြင်း၊ သွားဖြစ်အောင်သွား ”

ကျော်ဦးသိုက်မှာ၊ မင်းနေဝန်း၏ သူငယ်ချင်း ဆိုပေမယ့် မင်းနေဝန်း၏ ဝန်ထမ်းသာ ဖြစ်၏။ မင်းနေဝန်း ပိုင်သော "မင်းနေဝန်း ကုမ္ပဏီ" ဆိုသော လုပ်ငန်းများ ၏ မန်နေဂျာသာ ဖြစ်၏။ မင်းနေဝန်း ၏ ကိုယ်ပိုင်အတွင်းရေးမှူး ဆိုလည်း ဟုတ်၏။ မန္တလေးသို့ သွားဖို့ ကိစ္စ မှာ လည်း အလုပ်ကိစ္စ ဖြစ်နေ၏။ ပိုင်ရှင်ကိုယ်တိုင် လာရောက်ဆုံးဖြတ် ရမည့် ကိစ္စပေမယ့်၊ ကျော်ဦးသိုက်သည် မင်းနေဝန်း အာဏာကုန် လွှဲအ ပ်ခြင်း ခံရသည့် မန်နေဂျာမို့ ကျော်ဦးသိုက် ဆုံးဖြတ်ခဲ့လျှင်ရ၏။ ကျော် ဦးသိုက်မှာ လုပ်ပိုင်ခွင့်ရှိ၏။ မန္တလေးခရီးသည် မင်းနေဝန်းမှ လွဲလျှင် ကျော်ဦးသိုက်မှ လွဲ၍ အခြား မည်သူ့ကိုမျှ လွှတ်၍ မရသော အလုပ်ကိစ္စ လည်း ဖြစ်နေပါသေးသည် ။

အလုပ်ကိစ္စမို့ မင်းနေဝန်းက လွှတ်လျှင် ကျော်ဦးသိုက်က ငြင်းနေဖို့ မရှိပါ။ အမိန့်နာခံစွာ လုပ်ဆောင်ရမည်ပင်။ ဒါကို ကျော်ဦးသိုက် နားလ ည်ရပါမည်။ သူငယ်ချင်းချင်းမို့ ညှာတာစွာ ပြောကြား၊ ဒါဟာ အမိန့်ပဲ ... ဆိုတာကို လက်ခံရပါမည်။

" နိုင်တုန်း ကိုင်ထား၊ မင်း မိန်းမယူကာနီးကျမှ သိမယ် "

" ဘာလုပ်မယ် စိတ်ကူးထားလို့ လဲ "

" စောင့်ကြည့်ပေါ့။ သူ့အလှည့် ကိုယ့်အလှည့်ပဲ "

" ငါက လူပျိုကြီးလုပ်မှာ "

" မယုံရေးချ "

" ရာခိုင်နှုန်း တော်တော်များများ ယုံလိုက်။ မိန်းမတွေ ... ငါ့မျက်စိ ထဲမှာ အချိုးကို မပြေဘူး၊ ခင်မင်လိုစိတ်တောင် မရှိတာ၊ ကြိုက်ဖို့ ဆို တာ ... ဝေးရော "

“ ရင်မခုန်ခင် ပြောတဲ့ စကား ”

“ခုန်မယ်လဲ မထင်တော့ပါဘူး၊ မင်းကိုတော့ ... သနားသည် ပဲ။ တစ်ဖက်သက် ရင်ခုန်သံကြီး၊ မနိုပ်ပါဘူး ”

“သူ့ရင်ထဲ ခုန်ချင်ခုန်၊ မခုန်ချင်နေ၊ ငါခုန်ခွင့်ရရင်တော်ပြီ။ သူက မုန်းနေတော့တာလဲ မဟုတ်ပါဘူးကွ။ ငယ်သူငယ်ချင်း၊ တစ်မြို့တည်း တစ်ရွာတည်းသားတွေဆိုတော့ သူငယ်ချင်း မောင်နှမလို ဖြစ်နေတာ ”

“ သံယောဇဉ် ရှိတယ်ပေါ့ ”

“ ရှိတယ် ... ဒါပေမဲ့၊ ငါသိတယ်၊ သူ ငါ့ကို မချစ်ဘူး ”

“ ရည်းစားများ ရှိနေလို့ လား ”

“မရှိဘူး။ ငါ့ကို သူငယ်ချင်းလိုတော့ သူ တော်တော် ခင်ပါတယ်။ ရင်မခုန်တာပေါ့ကွာ။ ငါ့အတွက်က သူ့ရင်ခုန်သံ မလိုပါဘူး ”

“ ဖိတ်စာ ကမ်းပြီလား ”

“ ကမ်းပြီးပြီ ”

“ မစောလွန်းဘူးလား၊ တစ်ပတ်လောက် ကြိုကမ်းရင်တော်ရောပေါ့ ”

“ငါတို့ မြို့က မြို့ဆိုပေမယ့် ဓလေ့ထုံးစံတွေက ရွာကြီးသာသာလောက် ရှိတာ။ ငါပြောပါ ရောလား ... ထမင်းကျွေးရမှာ ၊ တစ်လလောက်ကြိုပြီး ဖိတ်စာကမ်းရတယ်၊ တစ်မြို့လုံးက တစ်လလောက်ကြိုပြီး ပြင်ဆင်တာ။ ပြီးတော့ ... ငါတို့ မြို့မှာ တစ်မြို့လုံးလုံး နီးပါးက ငါတို့ အမျိုးတွေ များ နေတာ ”

“ ဘာပဲဖြစ်ဖြစ်၊ မီတော့ မီတယ်မှ လား ”

“ ဒီမှာ က … အလုပ်လည်း များ တော့၊ တစ်ပတ်ပဲ ကြိုရောက်နိုင်မယ်လို့ ပြောပြီးသားပါ၊ ငါတို့ ဆွေမျိုးများ ပုံနဲ့ ဆိုရင်၊ တစ်လလောက် ကြိုရောက်သင့်တာ၊ ဒါပေမဲ့… မီပါတယ်၊ မင်း သွား လိုက်လေ၊ ငါ မန္တလေးက ပြန်လာမှ သွားမယ်။ ရတယ် ”

“ အားတော့ နာပါတယ် ”

“ အောင်မယ် … အောင်မယ်။ လူကြားကောင်းအောင် အသံဟစ်ပြန်ပြီ၊ ပြောပါဦး … မင်း လန်ဒန်ကို စောသွားချင်တဲ့ ကိစ္စ ”

“ ဟီး ”

“ ဘာဖြစ်တာလဲ၊ ခပ်တည်တည်ကောင်က ဒီနေ့ မျက်နှာပိုးကိုမရှိဘူး ”

“မက်ဒေါနား ကွန်ဆတ်လာလုပ်မှာ မို့ဟေ့။ ဟိုကလူတွေက ဖုန်းလှမ်းဆက်တယ်၊ လက်မှတ်က ဝယ်ရသိပ်ခက်တာ၊ ကြည့်ချင်ရင် ထည့်ဝယ်လိုက်မယ်တဲ့ ”

“ အောင်မယ်လေး … အလုပ်ကြီး အကိုင်ကြီး ”

“ မက်ဒေါနားကို အရှင်လတ်လတ် တွေ့ဖို့ က လွယ်တာ မဟုတ်ဘူး ”

“ သြော် … လူပျိုကြီး လုပ်မယ့်သူ ”

“ ဒါက အနုပညာကို ခံစားတာပါ ”

“ စင်ပေါ်ကနေ ပရိသတ်ကို ဆဲတယ်ဆို ”

“ အဲဒါလဲ သေလုအောင် ကြိုက်နေကြတာပဲ ”

“မြန်မာပြည်မှာ ဆိုရင် မင်းကို ဆဲရဲတဲ့ သူလဲမရှိ၊ ရှေ့တင်မဆဲရဲ

တောင် ကွယ်ရာမှာ လဲ ရှိမှာ မဟုတ်ဘူး ၊ မင်းက သဘောကောင်းသလောက် ရက်ရောတော့ လူချစ်လူခင် ပေါတယ် ”

မင်းနေဝန်းက သူဝတ်ထားသော ရှပ်အင်္ကျီလက်တို၏ ကော်လာစကို ဆွဲထောင်၏။

“ မြန်မာပြည်မှာ ဆဲမယ့်သူ မရှိလို့ ၊ လန်ဒန်သွားပြီး အဆဲခံမယ့်သူတော့ ရှာမှ ရှားပါပဲ ”

“ ခရီးကလည်း ကြုံနေလို့ ပါ။ ရက်နည်းနည်း စောထွက်လိုက်တာနဲ့ ၊ အဆင်ပြေသွားမှာ မို့ပါကွာ။ တကူးတကကြီးဆိုလဲ မသွားပါဘူး ”

“ အိုကေ ... အိုကေ ... မင်းအဆဲခံဖို့ ငါက ပါရမီ ဖြည့်ပါမယ် ”

“ မင်းကောင်မလေးဆီ လှမ်းပြီး အစီရင်ခံရဦးမှာ လား၊ သူက သစ်ပင်မတက်ရ၊ ရေမကူးရ၊ ကားမမောင်းရများ တားမြစ်ထားသေးလား ”

“မတားပါဘူး။ သူက သဘောကောင်းတယ်။ စိတ်ဆိုးမိရင်တော့ မလွယ်ဘူး၊ အငြိုးကြီး တတ်တယ်၊ သူတို့ အမျိုးတွေထဲမှာ တောင် သူ စကားမပြောတဲ့ သူ ရှိတယ်၊ ရန်ဖြစ်ထားရင် မကျေဘူး”

“ ကြောက်နေရပါလား ”

“ သူငယ်ချင်းဘဝထဲက ငါက ကြောက်ခဲ့ရတာ ”

“ကြောက်လက်စနဲ့ ဆက်ကြောက်ပေ့ါကွာ။ မိန်းမဆိုတာ ရှိသေအပ်တဲ့ အမျိုးအစားပဲ။ တခြားမကြည့်နဲ့ ။ ငါ့အဖေကြည့်။ မေမေပြောရင် တစ်ခွန်းပဲ။ မလှုပ်နဲ့ ဆိုရင်တောင် လှုပ်မိမှာ စိုးလို့ တစ်ကိုယ်လုံး အင်္ဂတေကိုင်ပစ်မလား ထင်ရတယ် ”

“ အေး ... တိုင်ပြောမယ် ”

“ အပိုပဲ။ ဖေဖေက သူ မိန်းမကြောက်ရတာကို ဂုဏ်ယူနေတာ ”

“ ရှားပါတယ် ”

“ မရှားပါဘူး၊ မင်းနဲ့ တူတူပေ့ါ ”

“ ကဲပါ … ငါက ဘာကားနဲ့ သွားရမှာ လဲ၊ မင်းရဲ့ လင်းခရူဇာစစ်ဂန ပ်စ်ကြီးနဲ့ လား ”

“ ယူသွား ”

“ တော်ပါပြီ။ လစ်မစ်တက်ကလေးနဲ့ ပဲ သွားလိုက်ပ့ါမယ် ”

“ ကြိုက်တဲ့ ကား ယူသွားပါကွာ ”

“ ဒါဆို … မင်းက ဘယ်တော့ထွက်မှာ လဲ ”

“ မင်းနဲ့ မကွာဘူး၊ မင်း မန္တလေးသွားရမယ့်ရက်နဲ့ ဆိုရင်၊ ငါက နှစ် ရက်ပဲ စောမယ် ”

“ဆတ်ဆတ်ဆော့ဆော့ ရှိလိုက်တာကွာ၊ စီးပွားရေးကိုပစ်ပြီး အပျော်အပါး ဦးစား ပေးတယ်”

“စီးပွားရေးမှာ က … မင်းလို သူငယ်ချင်းကောင်းတစ်ယောက် ရှိနေ တယ်လေကွာ၊ င့ါကိုယ်စား ဆိုပေမယ့် ငါနဲ့ ထပ်တူပဲဟာ ”

“ဒါဆို … မင်းနဲ့ ထပ်တူပဲဆိုရင်၊ မက်ဒေါနားကွန်ဆတ် သွားကြည့်ဖို့ တာဝန် ငါယူမယ်၊ င့ါတာဝန် ထားလိုက် ”

“သွားနိုင်ရင် သွားစမ်းပါ၊ လေယာဉ်လက်မှတ် ပြေးဝယ်ပေးလိုက်မ ယ်၊ မင်္ဂလာဆောင်မှာ သတို့ သား အချိန်မီ ရောက်မလာလို့ ပြဿနာ တွေ တက်လိုက်မယ့် ဖြစ်ခြင်း ”

“ မင်္ဂလာဆောင် ရှိနေလို့ ပေ့ါကွာ။ မဟုတ်များ မဟုတ်ရင်၊ သွားကို

သွားတယ်၊ မင်းကများ လေယာဉ်လက်မှတ် ပြေးဝယ်ပေးဦးမယ်ဆို တော့ ”

“ ဒါဆို ... ပြော၊ မင်းတို့ ဟန်းနီးမွန်း နိုင်ငံခြား ထွက်မလား ”

“ပတ်စပို့ လျှောက်ရမှာ နဲ့ ၊ ဗီဇာဝင်ရမှာ နဲ့ ၊ မိန်းမဗိုက်ပူမှ သွားရရင် ဟန်းနီးမွန်း ဖြစ်ပါဦး မလား ”

“ မင်းတို့ က ဒီလိုလား ”

“ ခွေးကောင် ... စကားအဖြစ်ပြောတာ၊ ငါတို့ က သန့်သန့်လေး ”

“ ဆောရီး ... ငါ နောက်တာ ”

“ မိန်းမသား သိက္ခာကို ထိခိုက်တယ်ကွ ”

“ အေးပါ ... ဒါမျိုး မစတော့ပါဘူး ”

“ ငါ့မှာ ... မျက်နှာတော် မော်ဖူးချင်ရင်တောင် တစ်လံကွာအရပ်က ခ,စားရတယ် ”

ဒီတစ်ကြိမ်မှာ တော့ မင်းနေဝန်းက အော်ရယ်ပေးလိုက်တော့သည် ။

“ ကြောင်ပဲ့ါကွာ ”

“ မင်းအလှည့်ကျမှ သိမယ်။ ပဝါတစ်ကမ်းလေးမှာ ရှိခိုးမနေရစေနဲ့ ”

“ အေးပါ ... အေးပါ၊ စောင့်ကြည့်ကြေး ”

ငွေကိုင်စာရေးကြီး ဝင်လာသောကြောင့် စကားစ ပြတ်သွားရတော့သည် ။ လုပ်စရာ အလုပ်တွေလည်း ရှိနေသေးသည် မို့ ကျော်ဦးသိုက်က အခန်းထဲမှ ထွက်သွားသည် ။ ကျော်ဦးသိုက် ... မန္တလေးသို့၊ မင်းနေဝန်း

ကိုယ်စား သွားဖို့ က အတည်ဖြစ်သွားခဲ့ရတော့သည် ။ ချေးကောင် ... ဟု တရင်းတနှီး ခေါ်ရဲတာက တစ်ကဏ္ဍ၊ မင်းနေဝန်း ခိုင်းသည့် အလုပ်ဆိုတာကျတော့ ငြင်းလို့ ရစကောင်းတာမှ မဟုတ်ဘဲလေ။

*